# မလွမ်းတတ်အောင် သင်ပေးပါ ...

တောင်းမြတ်ဖိုင်ဖိုင်




- ဒုတိယအကြိမ် -

မလွှမ်းတတ်အောင်သင်ပေးပါ

ကောင်းမြတ်ပိုင်ပိုင်

စာရေးဆရာမင်းတခေတ်၏ မေတ္တာစာ

ကျွန်တော့်ဆီ ကို (၂၀၂၀) ပြည့်နှစ်ရဲ့ နောက်ဆုံးလ ဒီဇင်ဘာထဲမှာ "မလွှမ်းတတ်အောင် သင်ပေးပါ ..." ဆိုတဲ့ စာမူလေးတစ်ပုဒ် ရောက်လာတယ်။ အရေးအသား ယဉ်ယဉ်နုနုလေးတွေနဲ့ ညှွန်းဖွဲ့ ထားတဲ့ ကဗျာတွေ၊ စာစုတွေ၊ ဝတ္ထုတိုလေးတွေကို ရောယှက်ထားတယ်။

အိပ်မက်ထဲမှာ လမ်းလျှောက်နေရသူတစ်ယောက်လို ...

သက်တံ နှစ်ထပ် အပေါ်မှာ ထိုင်ပြီး ဝီစကီ သောက်နေရသလို ...

သုခနေမင်းသားလေး နေရာကနေ ငွေတောင်ပြည်ကို ပြန်သွားရှာတဲ့

ဒွေးမယ်နော်ကို လွှမ်းမောနေရသူလို ..

ကိုယ့်ကိုယ်ကိုယ် ရှိမှီယိုလိုလို ဘာလိုလို ... စာမူဖတ်နေရင်းနဲ့

အဲသလို အခိုက်အတန့်လေးကို ခံစားလိုက်ရတယ် ...။

နှလုံးသားရှိသူတိုင်း အသည်းထဲကို စိမ့်ဝင်စီးနေမယ့် စာအုပ် တစ်အုပ်...။

ကောင်းမြတ်ပိုင်ပိုင်ရဲ့ "မလွှမ်းတတ်အောင်သင်ပေးပါ ..." တဲ့ ။

လေးစားကြိုးစားလျက်မှ ..

မင်းတခေတ်

3.1. 2021

***

## စာရေးသူရဲ့အမှာစာ

တကယ်တော့ ကျွန်တော်က ဝတ္ထုရေးတာ အားသန်သူပါ။ ဝတ္ထုတိုတွေပဲ သီးသန့်ထည့်လိုက်ရင် စာဖတ်သူတွေ ငြီးငွေ့သွားမှာ စိုးရိမ်တဲ့အတွက် ကဗျာလို့ အမည်မတတ်လိုတဲ့ အလွမ်းခံစားချက် စာစုတွေ ထည့်ဖြစ်ခဲ့တာပါ။ ဒီစာအုပ်ထဲမှာ ပါဝင်တဲ့ ဝတ္ထုတိုအများစုက အချစ်အလွမ်းတွေပေါ် မူတည်ပြီး ရေးသားထားတာ ဆိုပေမဲ့လက်တွေ့မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ မတူညီတဲ့ နောက်ခံလေးတွေမှာ ဇာတ်လမ်းဆင် ရေးသားခဲ့တာပါ။

တိုက်ဆိုင်မှု တစ်စုံတစ်ရာပါခဲ့ရင် ခွင့်လွှတ်ပေးကြဖို့ မျှော်လင့်ပါတယ်။ ပထမဆုံး လုံးချင်းစာအုပ်လေး .ဖြစ်တာမို့ အမှားအယွင်း တစ်စုံတစ်ရာ ပါခဲ့ရင်ဖြစ်ဖြစ် လိုအပ်ချက်ရှိခဲ့ရင် ဖြစ်ဖြစ် နားလည်ပေးကြဖို့ မေတ္တာရပ်ခံပါရစေ ... ။

စာဖတ်သူတိုင်းကို ချစ်တဲ့

ကောင်းမြတ်ပိုင်ပိုင်

***

## အတူတူရှိနေတယ်

လက်ချင်းချိတ် တွဲလျှောက်ဖို့ မလိုပါဘူး…

တစ်မြို့ထဲမှာ နင်နဲ့ငါအတူတူရှိနေတယ်…

မျက်ဝန်းချင်း ခဏခဏ ဆုံနေစရာမလိုအပ်ဘူး …

တစ်မြို့ထဲမှာ နင်နဲ့ငါ အတူနေထိုင်တယ် …

ချစ်တဲ့အကြောင်း ကဗျာ စာစီ ရင်ဖွင့်ရနေဖို့မလိုဘူး…

ဒီမြို့ထဲမှာ နင်ရှိတယ် …

တစ်မြို့ထဲမှာ အတူရှိနေတဲ့အသိက

အမြဲတမ်း နွေးနေတယ် …

အမြဲတမ်းသစ်နေတယ် ..

အမြဲတမ်းနီးစေတယ် …

အနည်းဆုံးတော့

မိုးတွေရွာနေတဲ့ အသိကအတူတူ

နွေဦးကို ဖြတ်ကျော်ကြတာလည်း အတူတူ

ပထမဆုံးနှင်းကျတဲ့ နေ့ကို ခံစားရတာလည်း အတူတူ

နှလုံးသားချင်း နီးဖို့လည်း မမျှော်လင့်ဘူး

မျက်ဝန်းချင်းစကားပြောနေဖို့လည်း မတောင့်တဘူး

ပြန်ချစ်ဖို့လည်း ဆုမတောင်းဘူး…

အ တူဆိုတဲ့အသိလေးနဲ့တင်

ငှါရင်ခုန်သံတွေ အမြဲလန်းဆန်းနေတယ် ...။

***

## Single ခရီးစဉ်

ပျော်ချင်ရင် ခရီးထွက် တဲ့...

ဘယ်ဟုတ်မလဲ

စိတ်သစ်လူသစ်မဖြစ်တဲ့အပြင်

အလွမ်းနာ တစ်ဆစ်ဆစ်တိုးလို့

တောင်တန်းတွေ ကိုငေးရင်

ပိုပို ဆွေးမိတတ်တယ် ...။

***

## ခဏတစ်ဖြုတ်

ပြန်ပဲဆုံချင်ခဲ့တာ

ပြန်လိုချင်တော့တာမဟုတ်ဘူး ...

ကြည့်ခဲ့ပြီး သား ရုပ်ရှင်ကားတစ်ကားက

အရင်လို လတ်ဆတ်မှုတွေ

ရှိမရ နတော့တာ အမှန်ပါ...

ပြန်တွေ့ချင်ရုံသက်သက်မှာ

အရင်လို ချစ်ခြင်းတရားတွေ မရှိတော့ဘူး

မျှော်လင့်ချက်တွေ မပါတော့ပါဘူး...

အရမ်းကြိုက်ခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ကို

ခဏလောက် ပြန်နားထောင်ချင်ရုံ သက်သက်

နေ့စဉ် ရေးခဲ့ဖူးတဲ့ ဒိုင်ယာရီလေးကို

ခဏတစ်ဖြုတ် ပြန်လှန် ဖတ်ချင်ရုံသက်သက်

ကိုယ်နေခဲ့ဖူးတဲ့ မြို့လေးကို

နာရီပိုင်းလောက် ခြေချချင်ရုံသက်သက်

ငယ်ငယ်က ကြားဖူးနားဝပုံပြင်လေးကို

ပြန်သတိရရုံသက်သက် ...

အားလုံးက နေသားတကျ ရှိနေပြီမို့

ရိုးသားစွာ လိပ်ပြာလုံခြင်းတွေနဲ့

ခဏလာက် ဆုံချင်ရုံ

ဒီထက်တော့ မပိုခဲ့တာသေချာပါတယ် ...။

***

မင်းကိုယ့်ကို ချစ်ခဲ့တာ အိပ်မက်တစ်မက်စာ

တယုတယစီးခဲ့တဲ့ ဖိနပ်လေးကို

အသစ်တစ်ရန် မရခင်အထိ

မြတ်နိုးခဲ့ရုံ ...

အရမ်းကြိုက်ခဲ့တဲ့သီချင်းလေးကို

နောက်ထပ် အသစ်တစ်ပုဒ် မကြိုက်ခင်ထိ

မက်မောခဲ့ရုံလေး...

မြတ်မြတ်နိုးနိုးဝတ်ဆင်ခဲ့တဲ့ တီရှပ်လေးတစ်ထည်

အရောင်မပြယ်ခင်အချိန်ထိလေး...

အဲဒီလို အိပ်မက် တစ်မက်စာလေး
မင်း ကိုယ့်ကို ချစ်ခဲ့တာပါ...

***

## တချို့သော အချစ်တွေက ပြန်လှည့် ကြည့်ဖို့မလိုပါ (၁)

ရင်ထဲကို ဝင်ကြည့်ပါလို့
သက်သေမပြတော့ပါဘူး
မင်းလောင်မြိုက် သွားမှာစိုးပါတယ် ...
စဉ်းစားပါဦး ငဲ့ကြည့်ပေးပါ
ဘာတစ်ခုမှ အသနားမခံချင်တော့ပါ ...
ကိုယ်ငိုနေတာ
ပြုံးလဲနေတာ
မပြတ်သား ဒဏ်ရာတချို့ကို
မမြင်စေချင်ခဲ့တာပါ ...
သနားလို့ဆိုတဲ့ ခေါင်းစဉ်တပ်ပြီး
ပြန်ငဲ့ကြည့်လာမှာ
သံယောဇဉ်လက်ကျန် ကျည်ဆန်တွေနဲ့
ပြန်လှည့်လာမှာ
ကိုယ်လုံးဝမလိုလားနိုင်ပါ...
ရွေးချယ်ပြီးသားလမ်းကို
ခြေလှမ်းမမှားပဲ ဆက်လျှောက်ပါ...
ရှေ့ဆက် အနာဂတ်လေးလှပဖို့ ပြတ်သားပါ...

အရင်လို ပျော်စရာတွေ့ရင် ရယ်မောပါ

ကြည်နူးစရာတွေကို အမြဲသိမ်းပါ ...

သတိရတာတွေကို မေ့ပစ်ပါ

လွမ်းတာတွေကို လွှင့်ပစ်ပါ ...

ကိုယ့်ကို ကာကွယ်ပေးနိုင်တဲ့

ကောင်းကင်တစ်ခုနဲ့ လှပစွာလက်တွဲ ပါ • • •

ကြာလာတော့လည်း ပျော်သွားမှာပါ ...။

***

## မလွမ်းတတ်အောင်သင်ပေးပါ

အတူတူ ချစ်ခဲ့ဖူးတဲ့ကမ္ဘာဟာ

အားနာနာ အကြည့်တစ်ခုနဲ့

အနာတရပျက်စီးလို့ ...။

နှစ်ဦးသားရေးခဲ့တဲ့ အချစ်ကဗျာတွေ

တစ်ယောက်ထဲ အလွမ်းနဲ့ ဆက်ရေးလို့ ...

ကျေးဇူးတင်စရာမလိုပါဘူး

မလိုအပ်တဲ့အချိန်

ချန်ထားခဲ့တဲ့နေရာမှာ

ကျန်ခဲ့ဖို့ အသင့်ဖြစ်နေလို့ပါ ...။

အဆုံးထိလက်တွဲဖို့

တစ်သက်လုံး ကြင်နာကြဖို့

ဘယ်တုန်းကမှ မမျှော်လင့်ရဲခဲ့...။

ထပ်တူညီခဲ့ဖူးတဲ့ အချစ်ဟာ

တစ်ဖက်သတ်အချစ် အဖြစ်

အစိတ်စိတ်အမြွာမြွာ ပြောင်းလဲပြီးတဲ့နောက်

ကိုယ်ဟာ အလွမ်းကမ္ဘာမှာ

ကြေကွဲမှုအဖော်ပြု

နေသားတကျကို ဖြစ်လို့…။

လွမ်းစရာရှိမှ လွမ်းရမှာလား

နင်လျှောက်ခဲ့ဖူးတဲ့ လမ်းတွေကအစ

နင်ကြိုက်တဲ့ ကိုရီးယားသီချင်းတွေကအဆုံး

မတွေ့မမြင်လဲ အလွမ်းနာတွေကျ…

တိတ်တိတ်လေးလွမ်းရတာ ကြေကွဲစရာလား

သိပါရစေတော့လို့ မရည်ရွယ်ခဲ့တဲ့ အလွမ်းတွေက

ပြန်ပြောပြဖို့ အရမ်းခက်ခဲ …။

မထူးတော့ပါဘူး ခေါင်းစဉ်အောက်မှာ

အလွမ်းတွေ ရင်ဘတ်အပြည့် နဲ့

တိတ်ဆိတ် …

အခုဆို ရင်ဘတ်တစ်ခုလုံး

အလွမ်းရောင် တစ်လက်လက်ထလို့ …

ကိုယ်လည်းမင်းလို မလွမ်းတတ်ချင်တော့ပါဘူး…။

***

မျှော်

စိတ်ချင်းနီးနေသရွေ့

ဘယ်တော့မှမဝေးဘူး…

စိတ်ချင်းဝေးနေတော့လည်း

ဘယ်တော့များမှ နီးစပ်မလဲ ...

စိတ်ချင်းပဲနီး နေချင်ခဲ့တာ

ဝေးဝေးနေရလည်း ကိုယ်အဆင်ပြေပါတယ် ...

စိတ်ချင်းလည်းနီး

လူချင်းလည်းမဝေးတဲ့ တစ်နေ့ကို

လွမ်းရုံလေးနဲ့ မျှော်နေမယ် ...။

***

နှုတ်ဆက်ခြင်းရဲ့
အခြားတစ်ဖက်က နှုတ်ဆက်ခြင်း

နှုတ်ဆက်ခြင်းတွေက

စတွေ့တုန်းက ချိုမြိန်သလိုလိုနဲ့

အဆုံးသတ်မှာ နာကျင်ရတယ် ...

"တွေ့ရတာ ဝမ်းသာပါတယ်"

"လမ်းခွဲကြရအောင်"

ကိုယ့်အတွက်

နှုတ်ဆက်ခြင်းတွေဟာ

မင်းကပဲ စတင်ခဲ့သလို

မင်းကပဲအဆုံးသတ်ပေးခဲ့တာ…

ဝင်လာလိုက် ထွက်သွားလိုက်နဲ့

အလွမ်းလက်ဆောင်

ကိုယ်နေ့တိုင်း အသုံးပြုနေမယ် …။

***